# ခရီးရှည်ချီတက်ပွဲသစ်

အဘိဓမ္မာတခုကို
အတူတူယုံယင်း
ရင်ဘတ်ချင်းအပ်ခဲ့သူ
ယနေ့သူဘယ်မှာလည်း၊
အဆုံးမဲ့လမ်းကို
လည်ပြန်မကြည့်စတမ်း
လက်ချင်းတွဲလျှောက်ခဲ့သူ
အခုသူဘယ်မှာလည်း။

လောကဓံတရားကို
အတူရင်ဆိုင်ရင်း
ကျောချင်းကပ်ဖြတ်ခဲ့တဲ့သူ
မင်းအခုဘယ်မှာလည်းမသိ၊
တကယ့်အမှန်တရားအတွက်
ကိုယ်စီဘဝများ
လောင်းကြေးထပ်မြပ်ခဲ့သူတွေ
အခုတော့ ဘယ်ဆီမှာလဲ … ဟော့။

လေဆန်ပျံသန်း
ကြမ်းတမ်းမုန်တိုင်း
လှိုင်းကြီးရေဆန်
ပုန်ကန်တိုက်ခိုက်
တိုးတိုက်ရတဲ့အချိန်
ယှဉ်ပြိုင်ရတဲ့အချိန်
အာခံရတဲ့ အချိန်
ရင်ဘတ်ချင်းအပ်ခဲ့သမျှ
အဝေးကိုကွဲကွာသွား
ပုံပြင်လိုဖြစ်ခဲ့ကြ။

လက်ချင်းတွဲ သွေးဆက်သမျှ
လက်ဆုတ်ဖြေခွဲခွာသွား
ဒဏ္ဍာရီတပုဒ်ဖြစ်ကြ၊
တို့ကြောခြင်းကပ်
တသားတည်းကျ
အရိုးကနေလောက်ထွက်သွား
ရာဇဝင်ဟာ ရိုင်းဆိုင်းရ
အခုတော့ …
ဘဝနဲ့ပုံလောင်းခဲ့သမျှ
အရှုံးများချိန် သွေးပျက်သွား
ဂန္ဓဝင်ချီ
သမိုင်းမရေးကြ။

ထားပေါ့လေ
ငရဲရဲ့ မီးတောက်မှာ
ငါ့အသဲကတောင်
ငါ့ကိုပြန်သစ္စာဖောက်
ဖျောက်ဖျက်ဖို့ကြိုးစား
လောင်မြိုက်ရမယ့်ကောင်ပါ၊
ဒီလိုပါပဲ …
ရွှေရောင်အိမ်မက်တွေနဲ့
တော်ဝင်မဟာမျှော်လင့်ချက်တွေ
(အားလုံး)
ထင်သလိုဖြစ်မလာတဲ့အခါ
"အနိုင်"ဆိုတဲ့စကားလုံးကို
ချရေးပြမရတဲ့အခါတွေမှာတော့ …။

နွေရိုင်း
မိုးသဲ
ဆောင်းကြမ်းထဲ
ဖောက်ထွက်ရဲရင့်သွေးနဲ့
(တခါက)
အသက်ရှူချင်းတူသူတွေမရှိကြ၊
ခရီးရှည်ချီတက်ပွဲ
(မျိုးဆက်သစ်လှိုင်း)
ပျော်ဝံ့သူလူတွေနဲ့သာ
ရှေ့ဆက်နွှဲပျော်
ရင်သန်အနာဂတ်အတွက်
ကိုယ်စီကိုယ်ငှ
ကိုယ့်သွေးကိုယ်ဖောက် (သောက်)
ကိုယ့်ခြေပေါ်မြဲမြံရပ်လိုက်
မိမိကိုယ်
မှတ်ကျောက်တင်လိုက်ကြလေ။

ကေအက်စ်